


VOLUME I, ISSUE 55 13 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်ဘီတပ်နယ်မှ အရာရှိကြီးများနှင့် အမျိုးသမီးသင်တန်းသူများအား တွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားညီလာခံပြည်ထောင်စုခန်းမ အဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများအား ကြည့်ရှုစစ်ဆေး | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ | ၇ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား တွေ့ဆုံ | ၁၁ |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အမေရိကန်ပြည်ထောင်စု ဝှန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကို လက်ခံတွေ့ဆုံ | ၁၂ |
| ၆ | ပြည်ထောင်စုဝန်ကြီးများ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အသီးသီးလက်ခံတွေ့ဆုံ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီ စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး | ၁၆ |
| ၈ | မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်း တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၁၇ |
| ၉ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသိပေးကြေညာချက် | ၁၈ |
| ၁၀ | ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအပေါ် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်များ | ၁၉ |
| ၁၁ | PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက် ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း | ၂၀ |
| ၁၂ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၂၁ |
| ၁၃ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား PDF အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ် | ၂၂ |
| ၁၄ | ကျိုက်ထိုမြို့နယ်၌ လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် | ၂၃ |
| ၁၅ | PDF အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ | ၂၄ |
| ၁၆ | ရေစကြိုမြို့နယ်၊ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခကောက်ခံသည့် Toll Gate အား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီး၊ ငွေများအား လုယက်ယူဆောင် | ၂၉ |
| ၁၇ | တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်ရှိ ဈေးဆိုင်ခန်းများအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး | ၃၀ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီအား ပြစ်ဒဏ်ချမှတ် | ၃၁ |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် အကြမ်းဖက် NUG အဖွဲ့ဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ပြစ်ဒဏ်ချမှတ် | ၃၄ |
| ၂၀ | လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီး ၁ ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် တရားခံများအား ပြစ်ဒဏ်ချမှတ် | ၄၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှော်ဘီတပ်နယ်မှ အရာရှိကြီးများနှင့် အမျိုးသမီးသင်တန်းသူများအား တွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၈ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)မှ နည်းပြအရာရှိကြီးများ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင်-

- တပ်မတော်၌ ၁၉၅၈ ခုနှစ်ကတည်းကပင် အမျိုးသမီးစစ်မှုထမ်းများ ခန့်အပ်တာဝန်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များမှအပ အခြားအမျိုးသမီးစစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှုမရှိခဲ့ကြောင်း။
- မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ချိန်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီးအရာရှိများအပြင် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများကိုလည်း မွေးထုတ်တာဝန်ပေးအပ်ခဲ့ပြီး အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်မွေးထုတ်ပေးလျက်ရှိကြောင်း။
- တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးစစ်မှုထမ်းများသည် အမျိုးသားများပင် တာဝန်ထမ်းဆောင်ရန်ခက်ခဲသည့် တပ်မတော်၌ မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသဖြင့် မိမိကိုယ်ကိုဂုဏ်ယူပြီး တန်ဖိုးထားကြရန်လိုကြောင်း။
- စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ရှိရန်နှင့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ နေထိုင်ကျင့်ကြံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကိုမိမိ တိုးတက်အောင်အမြဲလေ့လာလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။
- တပ်မတော်၌ တာဝန်ထမ်းဆောင်ရာတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ နောင်အနာဂတ်မျိုးဆက်သစ် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာများကို လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။
- စစ်ပညာသင်ကြားခြင်းသည် မိမိတို့အသက်ကို ကာကွယ်ရန်အတွက် ဦးစားပေးသင်ကြားပေးခြင်းဖြစ်သဖြင့် အလေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်ဘီတပ်နယ်မှ အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

ထားလိုက်နာသင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုများကို တွေ့ရှိရပြီး ၎င်းစိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး ခေတ်အဆက်ဆက် နိုင်ငံ၏လိုအပ်ချက်များအရ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း။
- ယခုအခါ မိမိတို့အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကို တာဝန်ရှိသူများမှ ဥပဒေအရ တာဝန်ယူရှင်းလင်းခြင်းမပြုသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။
- ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်၍ ဆွေးနွေးလျက်ရှိပြီး ကျန်ရှိသည့်အဖွဲ့များနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရှိရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်ပါက ၎င်းနယ်မြေများရှိ ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှု ရှိလာနိုင်ကြောင်း။
- အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့်စကားနှင့်အညီ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး ကျင်းပနိုင်မှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားများအနေဖြင့် မိမိတို့ကျရာတာဝန်များကို စစ်သားစိတ်မွေး၍ ကျေပွန်စွာဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၉-၆-၂၀၂၂)**

- **တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးစစ်မှုထမ်းများသည် အမျိုးသားများပင် တာဝန်ထမ်းဆောင်ရန်ခက်ခဲသည့် တပ်မတော်၌ မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသဖြင့် မိမိကိုယ်ကိုဂုဏ်ယူပြီး တန်ဖိုးထားကြရန်လို။**

- စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ရှိရန်နှင့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ နေထိုင်ကျင့်ကြံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရန် လိုအပ်မည်ဖြစ်။
- တပ်မတော်၌ တာဝန်ထမ်းဆောင်ရာတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ နောင်အနာဂတ်မျိုးဆက်သစ် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာများကို လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို။
- အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့်စကားနှင့်အညီ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး ကျင်းပနိုင်မှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားနိုင်မည်ဖြစ်၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားများအနေဖြင့် မိမိတို့ကျရာတာဝန်များကို စစ်သားစိတ်မွေး၍ ကျေပွန်စွာဆောင်ရွက်ကြရန်လို။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားညီလာခံပြည်ထောင်စုခန်းမအဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများအား ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၈ ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲရန် အမျိုးသားညီလာခံကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆောက်အဦများပျက်စီးယိုယွင်းနေမှုများနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အဦများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အဦများဖြစ်ပြီး ယခင်ခေတ်အဆက်ဆက်က သမိုင်းဝင်အဆောက်အဦများကို တတ်နိုင်သမျှထိန်းသိမ်းထားခဲ့ကြောင်း၊ ယခုထိန်းသိမ်းမှုများ အားနည်းခဲ့သည့်အတွက် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် အလေးထားထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့ပြီး ပြည်ထောင်စုခန်းမကြီးနှင့် အနော်ရထာရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အဦးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦးဖြင့် အမျိုးသားညီလာခံ ၇ ကြိမ် ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပပြုလုပ်ရာမြေနေရာသည် ဧရိယာအားဖြင့် ၅၈၅ ဒသမ ၈၁ ဧကကျယ်ဝန်းပြီး ဧက ၂၀၀ ကို စိုက်ပျိုးရေးဇုန်အဖြစ်လည်းကောင်း၊ ဧက ၁၀၀ ခန့်ကို မွေးမြူရေးဇုန်အဖြစ်လည်းကောင်း အသုံးပြုထားကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားညီလာခံပြုလုပ်ခဲ့သည့် အဆောက်အဦသမိုင်းကြောင်း၊ အဆောက်အဦများ ပျက်စီးယိုယွင်းနေမှုများနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

အားနည်းခဲ့သဖြင့် ယခုကဲ့သို့ ပျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းသာယာရေး၊ ရန်ကုန်မြို့တော်နေပြည်သူများ စားသောက်မှုအဆင်ပြေစေရေးအတွက် ယခင်တပ်မတော်အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်စဉ်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဇုန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။
- ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အနေဖြင့် သီးနှံပင်များကို စိုက်ပျိုးလျက်ရှိပြီး စားရေးအတွက် အထောက်အကူပြုသည့် နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက်စသည့် အပင်များစိုက်ပျိုးရန်လိုသကဲ့သို့ ဟင်းသီးဟင်းရွက်သီးနှံပင်များကိုလည်း အောင်မြင်အောင် စိုက်ပျိုးရန်လိုကြောင်း။
- ရန်ကုန်မြို့တော်ရှိ ပြည်သူများ စားသောက်ရန်အတွက် အသားနှင့်ငါးများ နေ့စဉ်လိုအပ်ချက်ရှိသဖြင့် ငါးများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးသည် လူများစားသုံးသည့်အသားများထဲတွင် ဈေးနှုန်းအသက်သာဆုံးဖြစ်သည့်အတွက် ရေရှည်တွင် ငါးသယံဇာတပစ္စည်းများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် CJ Feed Myanmar ကြက်မွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၆-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရေးဆွဲရန် အမျိုးသားညီလာခံကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရေးဆွဲရန် အမျိုးသားညီလာခံပြုလုပ်ခဲ့သည့် ပြည်ထောင်စုခန်းမကြီးနှင့် အနော်ရထာရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံများ







- အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အဦးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦး ဖြင့် အမျိုးသားညီလာခံ ၇ ကြိမ် ကျင်းပခဲ့။
- ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင်စိမ်းလန်းသာယာရေး၊ ရန်ကုန်မြို့တော်နေပြည်သူများ စားသောက်မှုအဆင်ပြေစေရေးအတွက် ယခင်တပ်မတော်အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်စဉ်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဇုန်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်။
- ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အနေဖြင့် သီးနှံပင်များကို စိုက်ပျိုးလျက်ရှိပြီး စားရေးအတွက် အထောက်အကူပြုသည့် နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက် စသည့် အပင်များစိုက်ပျိုးရန်လိုသကဲ့သို့ ဟင်းသီးဟင်းရွက်သီးနှံပင်များကိုလည်း အောင်မြင်အောင် စိုက်ပျိုးရန်လို။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင်စိုက်ပျိုး မွေးမြူရေးအထူးဇုန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ညောင်နှစ်ပင်စိုက်ပျိုး မွေးမြူရေးအထူးဇုန်အတွင်းရှိ ကြက်ခြံအား သွားရောက်ကြည့်ရှုစစ်ဆေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် -

- ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း ရပ်တန့်နေ၍မရဘဲ လုပ်သင့်လုပ်ထိုက်သည်များအားလုံးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ်ပညာတတ်လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာကို တတ်မြောက်အောင် သင်ကြားနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ယခင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သဖြင့် ပညာသင်ကြားမှုများ ခေတ္တရပ်တန့်ခဲ့ရပြီး ယခုအခါ နိုင်ငံတော်အစိုးရမှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးပြီး ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးထားသည့်အခါတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရမှ ထောက်ပံ့ပေးသည့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် ပညာရေးအဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ် ကြားသိနေရကြောင်း။
- အကြမ်းဖက်သမားများအနေဖြင့် ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံကို ဖျက်ဆီးနေခြင်းပင်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများဖြစ်ပေါ်စေကြောင်း။
- နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အားသုံးမျိုးရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အားကောင်းမွန်မည်ဖြစ်ကြောင်း၊ ၎င်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျကြောင်း။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု**

- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ပြီး ယခင်အစိုးရအဆက်ဆက်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများ နည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ တစ်ဧကချင်းအထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။
- မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများလိုလားသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်ရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း။
- ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းနှင့်ပြည်နယ်များ၊ လူမျိုးစုများ စုစည်းလုပ်ကိုင်ခွင့်များကို ပေါင်းစည်းနေထိုင်သည့်အယူအဆ၊ မျှဝေခံစားသည့် အယူအဆဟု မှတ်သားဖူးကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသည့် နိုင်ငံများသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အုပ်ချုပ်မှုပုံစံများ မတူညီကြဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်ရေးစနစ်ကိုသာ ကျင့်သုံးနေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သဘောထားကွဲပြားမှုကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။
- နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကို အကြောင်းပြ၍ အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်နေသူများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၌ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သတ်ဖြတ်မှုများကို နိုင်ငံတကာတွင်လည်း လက်မခံကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြကြောင်း၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်ကြောင်း။
- ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကောင်းမွန်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ပြည်သူများ၏ ယုံကြည်မှုရှိစေရေး နေထိုင်ပြုမူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ–ကိုရီးယားချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းနှင့် တံတားတည်ဆောက်ရေးစီမံကိန်းရှိ ရန်ကုန်ဘက်ခြမ်း Main Bridge Pylon 2 နေရာတွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable– Stayed Bridge) အမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကာ လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀–၆–၂၀၂၂)**

- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ်ပညာတတ်လူသား အရင်းအမြစ်များ များစွာမွေးထုတ်ပေးနိုင်ရန်လိုအပ်၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာကို တတ်မြောက်အောင် သင်ကြားနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်။**
- **အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရမှ ထောက်ပံ့ပေးသည့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် ပညာရေးအဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ် ကြားသိနေရ။**
- **နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အား သုံးမျိုးရှိ၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေး အားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အားကောင်းမွန်မည်ဖြစ်၊ ၎င်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်။**
- **မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများလိုလားသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံများ











- မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၀ ရက်တွင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ဧရာဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင်-

- နိုင်ငံတော်မှချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းချိုးဖောက်သည့် ရေယာဉ်များ၊ သင်္ဘောများမရှိစေရေး ဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသယ်ဆောင်နေမှုများမရှိစေရေး တားဆီးဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- တပ်ဌာနချုပ်တစ်ခု၏ ကောင်းခြင်း၊ မကောင်းခြင်းသည် ယင်းတပ်ကို ဦးဆောင်ရသည့် ဦးစီးခေါင်းဆောင်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး ခေါင်းဆောင်မှုကောင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်မှသာလျှင် တပ်ကောင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။
- မိမိ၏ခေါင်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ထိုးထွင်းတီထွင်ကြံဆလုပ်ဆောင်နိုင်မှုနှင့် ခေါင်းဆောင်ကောင်းတစ်ယောက်နှင့်လျော်ညီစွာ နေထိုင်ပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စနစ်တကျ နေထိုင်သွားလာတတ်မှုနှင့် မိမိတာဝန်ယူရသည့် တပ်ဌာနချုပ်ကို ကောင်းမွန်အောင် ကွပ်ကဲအုပ်ချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။
- ဦးစီးခေါင်းဆောင်များအနေဖြင့် အဆင့်ဆင့်သော ကွပ်ကဲအုပ်ချုပ်မှုများဖြင့် စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအားလုံးကို အဆင့်အလိုက် မှန်မှန်ကန်ကန် ဖြစ်နေရမည်ဖြစ်ကြောင်း၊ ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှု ကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်း ဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင် လေ့လာအားထုတ်မှုပြုရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၁-၆-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု

- **နိုင်ငံတော်မှချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းချိုးဖောက်သည့် ရေယာဉ်များ၊ သင်္ဘောများမရှိစေရေး ဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသယ်ဆောင်နေမှုများမရှိစေရေး တားဆီးဆောင်ရွက်ရမည်ဖြစ်။**
- **ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှု ကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်းဖြစ်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခကာဒီဂျက်ဆန်ကို လက်ခံတွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကို ဇွန်လ ၁၀ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် ဂုဏ်ထူးဆောင်ပါမောက္ခကာဒီဂျက်ဆန်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက–

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း။
- သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထားပြီး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ စိစစ်ခြင်းနှင့် ပြုစုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။
- ရွေးကောက်ပွဲများကျင်းပရာတွင်လည်း ပြည်တွင်း၊ ပြည်ပမှ လေ့လာသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ၊ ဝင်ရောက်ယှဉ်ပြိုင်ကြသူများ၊ မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။



- တပ်မတော်အနေဖြင့် အခြေအနေအရ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသော်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ အတွေ့အကြုံရှိသူများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ပြီး မိမိတို့ကော်မရှင်၏ အဓိကတာဝန်မှာလည်း ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန် လိုအပ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်ရန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်က ကော်မရှင်၏ ပြင်ဆင်ဆောင်ရွက်နေမှု၊ လုပ်ဆောင်နေမှုများကို သိရှိရသည့်အတွက် အထင်ကြီးလေးစားမိကြောင်း၊ မိမိအနေဖြင့် နိုင်ငံတကာကသိရှိအောင် ပြန်လည်သတင်းစကားပါးပေးမည်ဖြစ်ကြောင်း၊ လိုအပ်သောအကူအညီများရှိပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၁-၆-၂၀၂၂)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့်သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး သဘောတူညီခဲ့ပြီးဖြစ်။**
- **ရွေးကောက်ပွဲများကျင်းပရာတွင်လည်း ပြည်တွင်း၊ ပြည်ပမှ လေ့လာသူများကို ဖိတ်ခေါ်သွားမည်ဖြစ်၊ ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ၊ ဝင်ရောက်ယှဉ်ပြိုင်ကြသူများ၊ မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီးများ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အသီးသီးလက်ခံတွေ့ဆုံ



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်တို့သည် ဇွန်လ ၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အသီးသီးလက်ခံတွေ့ဆုံခဲ့ပါသည်။

- နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်သည့် ကိစ္စရပ်များသည် နိုင်ငံ၏ပြည်တွင်းရေးသာဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်အဖြစ် ပုံဖော်မှုမပြုသင့်ကြောင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး H.E. Dr. KUNG Phoak က မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ အပြုသဘောဆောင်ဆွေးနွေးညှိနှိုင်းသင့်ပြီး ဖယ်ကြဉ်ထားခြင်းကို မပြုလုပ်သင့်ဟု ကမ္ဘောဒီးယားနိုင်ငံမှ ယူဆကြောင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်၏ စတုတ္ထအချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းများ အပါအဝင် ဖြစ်ပေါ်တိုးတက်မှုများကို ကျေနပ်အားရကြောင်း၊ ကျန်ရှိသည့်အချက်များနှင့်ပတ်သက်၍ အပြန်အလှန်သဘောတူညီပြီး အဆင်ပြေမည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်သွားရန် ဆွေးနွေးပြောကြားခဲ့။
- အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာ၌ လက်တွေ့ကျ၍ အမှန်တကယ်လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကူအညီများအား ခွဲခြားမှုမရှိဘဲ အမှန်တကယ်လိုအပ်နေသည့် ပြည်သူများထံသို့ရောက်



**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

ရှိရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး H.E. Dr. KUNG Phoak က မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်၌ လိုအပ်ချက်ဆန်းစစ်ခြင်းအပါအဝင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး မြန်မာနိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အသိအမှတ်ပြုကြောင်း ပြောကြားပြီး အာဆီယံ၏ တူညီဆန္ဒ(၅)ချက်အနက် စတုတ္ထအချက် အကောင်အထည်ဖော်ရန် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။

- နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံ၏တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကို အစဉ်တစိုက် အကူအညီပေးနေမှုများအပေါ် အသိအမှတ်ပြုကြောင်း၊ မမျှော်မှန်းနိုင်သည့် အခက်အခဲများကြောင့် အာဆီယံ၏ တူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အတွက် လုံလောက်သည့် အချိန်လိုအပ်ကြောင်းနှင့် ထိရောက်သောတိုးတက်မှုများ ပေါ်ထွက်လာစေရန် လုပ်ငန်းစဉ်အားလုံးသည် လက်တွေ့ကျရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး H.E. Dr. KUNG Phoak က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့်ပူးပေါင်း၍ အာဆီယံ၏တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

တွေ့ဆုံပွဲအသီးသီးသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၆-၂၀၂၂)**

- **မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းလျက်ရှိ။**
- **မြန်မာနိုင်ငံ၌ ဖြစ်ပေါ်သည့် ကိစ္စရပ်များသည် နိုင်ငံ၏ပြည်တွင်းရေးသာဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်အဖြစ် ပုံဖော်မှုမပြုသင့်။**
- **မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ အပြုသဘောဆောင်ဆွေးနွေးညှိနှိုင်းသင့်ပြီး ဖယ်ကြဉ်ထားခြင်းကို မပြုလုပ်သင့်ဟု ကမ္ဘောဒီးယားနိုင်ငံမှ ယူဆ။**
- **ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့်ပူးပေါင်း၍ အာဆီယံ၏တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်။**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီစီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေး



"AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီစီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ (Task Force)" အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့တို့ကို ဇွန်လ ၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး၌ ၂၀၂၂ ခုနှစ်၊ ဇွန်လပထမအပတ်တွင် AHA Centre နှင့် ASEAN-ERAT အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည့် လိုအပ်ချက်ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီးနောက်-

- ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ရှင်းလင်းပြောကြားပြီး ညှိနှိုင်းအစည်းအဝေးရလဒ်တစ်ခုဖြစ်သည့် ပူးတွဲကာကွယ်ဆေးထိုးနှံရေးမူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေရေးဆိုင်ရာမူဝါဒများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။

ထို့နောက် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များကလည်း လိုအပ်ချက်ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်လုံခြုံစွာနှင့် အောင်မြင်မှုရှိစွာ ပြီးမြောက်စေရေးအပါအဝင် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းများတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre တို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀-၆-၂၀၂၂)**

- **ဇွန်လ ၉ ရက်တွင် AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီစီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေရေးဆိုင်ရာမူဝါဒများနှင့်ပတ်သက်၍လည်းကောင်း စသည့်အကြောင်းအရာများ ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းတားဆီး နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ




မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံရဲချုပ်အဆင့် ပထမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဗန်ကောက်မြို့၌ ဇွန်လ ၇ ရက်မှ ၉ ရက်အထိကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်ချုပ်ဇင်မင်းထက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးများတွင်–

- မြန်မာ–ထိုင်းနှစ်နိုင်ငံနယ်နိမိတ်တွင် ဖြစ်ပွားနေသော နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ သတင်းအချက်အလက် ဖလှယ်မှုများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ ရဲတပ်ဖွဲ့စွမ်းရည်မြင့်မားရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့် နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။
- နှစ်နိုင်ငံနယ်နိမိတ်ကိုဖြတ်ကျော်၍ တရားမဝင် ဝင်ရောက်နေမှုများ၊ လူကုန်ကူးမှု တရားခံများ ဖော်ထုတ်ဖမ်းဆီးရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးခဲ့။
- နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးမှုခင်းများ ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ ဆိုက်ဘာမှုခင်း၊ နယ်စပ်ဖြတ်ကျော်မှောင်ခိုမှုများတိုက်ဖျက်ရေးတွင် နယ်စပ်ဆက်ဆံရေးရုံးများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့။
- မြန်မာ–ထိုင်းနှစ်နိုင်ငံနယ်နိမိတ်တွင် ခိုအောင်းနေသောလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများသည် နှစ်နိုင်ငံ၏အကျိုးစီးပွားကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည်ဖြစ်၍ ရဲတပ်ဖွဲ့အချင်းချင်းထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

မြန်မာ–ထိုင်းနှစ်နိုင်ငံ နိုင်ငံဖြတ်ကျော်မှုခင်းတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်းကော်မတီအစည်းအဝေးတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်းဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည့် သဘောတူညီချက် ၆ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၉ ရက်တွင် ဗန်ကောက်သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂–၆–၂၀၂၂)**

- **မြန်မာ–ထိုင်းနှစ်နိုင်ငံ နိုင်ငံဖြတ်ကျော်မှုခင်းတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်းဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည့် သဘောတူညီချက် ၆ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားခြင်း မရှိသည့် Mobile Pay/ Mobile Wallet နှင့် ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအသုံးပြုခြင်းသည် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်မရှိသဖြင့် ပြည်သူများအနေဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိထားဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၂ အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာထားပါသည်။

## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၄၀ နှင့် ၇၉ ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၅၊ ၁၂၉ နှင့် ၁၃၀၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆိုင်ရာစည်းမျဉ်း၊ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာညွှန်ကြားချက်၊ အီလက်ထရောနစ်ကတ်ဖြင့် ပေးချေမှုဆိုင်ရာညွှန်ကြားချက်တို့နှင့်အညီ လုံခြုံမှုနှင့်ထိရောက်သော ငွေပေးချေမှုများအားဆောင်ရွက်နိုင်ရန် မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဘဏ်(၁၈)ဘဏ်၊ အင်တာနက်ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဘဏ်(၁၀)ဘဏ်၊ မိုဘိုင်းငွေပေးချေမှု(Mobile Pay)ဆောင်ရွက်ရန် ဘဏ်(၈)ဘဏ်၊ မိုဘိုင်းငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်း (၅) ခု၊ Transportation Card နှင့် Shopping Card စသည့် ကတ်ပေးချေမှုလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့အစည်း(၇)ခုနှင့် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီ(၄)ခုကို ခွင့်ပြုထားပြီး ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသောဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ စာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏တရားဝင် Website ဖြစ်သော www.cbm.gov.mm တွင် ဖော်ပြထားပါသည်။

၃။ ယခုအခါ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် Mobile Pay/Mobile Wallet နှင့် ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများမှတစ်ဆင့် သုံးစွဲသူများအချင်းချင်း ငွေလွှဲပြောင်းခြင်း၊ ကုန်စည်ဝယ်ယူခြင်းများဆောင်ရွက်နိုင်ကြောင်း Social Media Platform များတွင် ကြေညာနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် Mobile Pay/Mobile Wallet နှင့် ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအသုံးပြုခြင်းသည် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်မရှိသဖြင့် ပြည်သူများအနေဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်ပါကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိထားဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၂ အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**(၁၀-၆-၂၀၂၂)**

**(မြဝတီသတင်းစာ ၁၁-၆-၂၀၂၂)**

- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသောဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ စာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင် Website ဖြစ်သော www.cbm.gov.mm တွင် ဖော်ပြထား။**
- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် Mobile Pay/ Mobile Wallet နှင့် ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအသုံးပြုခြင်းသည် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်မရှိသဖြင့် ပြည်သူများအနေဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်။**
- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိထားဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၂ အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်။**

## ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအပေါ် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်များ

ဧပြီလ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကွမ်းအုံကျေးလက်ကျန်းမာရေးဌာန၊ ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမ ဒေါ်စိုးစိုးအေးနှင့် ဖွန်လ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ကျေးလက်ကျန်းမာရေးဌာန၊ လင်းယဉ်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမ ဒေါ်နွယ်နွယ်စိုးတို့သည် အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ထို့ပြင် အကြမ်းဖက်သမားများ၏ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်မှုများကြောင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးကြီးကြပ်များ၊ သားဖွားဆရာမများနှင့် အထောက်အကူပြုဝန်ထမ်းများသည် အသက်သေဆုံးခြင်းနှင့် ကိုယ်လက်အင်္ဂါများ ပြင်းထန်စွာ ဒဏ်ရာရခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။

၎င်းအကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသည့် သဘောထားထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့ရာ-

- ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် တာဝန်သိနိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်သော ကျန်းမာရေးဝန်ထမ်းများအား အသက်သေဆုံးစေခြင်းနှင့် ကိုယ်လက်အင်္ဂါများ ပြင်းထန်စွာဒဏ်ရာရရှိစေသည်အထိ ယုတ်မာရိုင်းစိုင်းစွာ ပြုမူခဲ့သည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း။
- မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရက်စက်စွာ သတ်ဖြတ်ခြင်းခံရသည့်အတွက် လွန်စွာစိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါကြောင်းနှင့် သူနာပြုသားဖွားများအား ရက်စက်စွာ သတ်ဖြတ်နေသော အကြမ်းဖက်သမားများအား ပြင်းထန်စွာရှုတ်ချပါကြောင်း။
- မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းက နိုင်ငံနှင့်လူမျိုးများ ဖွံ့ဖြိုးတိုးတက်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် ရှေ့တန်းတိုက်စစ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ရင်း လုပ်ကြံသတ်ဖြတ်ခံရသည့်အတွက် မိသားစုဝင်များနှင့်အတူ နှမြောတသဝမ်းနည်းကြေကွဲရကြောင်းနှင့် အပြစ်မဲ့ကျန်းမာရေးဝန်ထမ်း ဘက်စုံသားဖွားဆရာမများနှင့် မိသားစုဝင်တို့အား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို လုံးဝ(လုံးဝ)လက်မခံ ပြင်းထန်စွာကန့်ကွက်ပါကြောင်းစသည့် သဘောထားထုတ်ပြန်ချက်များကို အသီးသီးထုတ်ပြန်ခဲ့။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးတို့အတွက် ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံနှင့်အဝန်း တာဝန်ကျရာဒေသအသီးသီးတွင် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေးအတွက် ရှေ့တန်းမှနေ၍ စွန့်လွှတ်စွန့်စားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၆-၂၀၂၂)**

- **ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်သမားများက ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုများအပေါ် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသည့် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့။**
- **ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံနှင့်အဝန်း တာဝန်ကျရာဒေသအသီးသီးတွင် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေးအတွက် ရှေ့တန်းမှနေ၍ စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးထုတ်ပြန်ထားပါသည်။

### အသိပေးထုတ်ပြန်ချက်

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၁၂-၆-၂၀၂၂)**

- အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့ အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်။
- စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အား သည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင် ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်။
- PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန် လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်။

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



အလင်းဝင်ရောက်လာသူများအား တာဝန်ရှိသူများမှ အလင်းဝင်အသိအမှတ်ပြုကတ်ပြားများ ပေးအပ်စဉ်

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ဇွန်လ ၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ် နယ်မြေခံတပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ခဲ့ရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် သန့်ဇင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဗိုလ်မှူးချုပ်သန့်ဇင်ဦးက ဆုံးမအမှာစကားပြောကြားပြီး ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဝင်ရောက်ခိုလှုံခဲ့သည့် PDF အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ထို့နောက် ဗိုလ်မှူးချုပ်သန့်ဇင်ဦးက လုံခြုံရေးတပ်ဖွဲ့



**အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အလင်းဝင်ရောက်လာသူများအား မိဘများထံ စနစ်တကျ ပြန်လည်အပ်နှံကာ အမှတ်တရဓာတ်ပုံရိုက်ကူးနေမှု**

ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၂ ဦးတို့ကို အသိအမှတ်ပြုကတ်ပြားများ၊ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၆-၂၀၂၂)**

- **ဗိုလ်မှူးချုပ်သန့်ဇင်ဦးက ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၂ ဦးတို့ကို အသိအမှတ်ပြုကတ်ပြားများ၊ ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့။**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား PDF အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်

NUG၊ CRPH၊ PDF အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးအစွန်းရောက်အယူဝါဒကို အခြေခံ၍ နေရာအချို့၌ ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်လုယက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် ပြည်သူလူထု၏ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းပီသစွာ ကုသမှုများဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ NGO၊ INGO အဖွဲ့အစည်းများကိုပါ ခြိမ်းခြောက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းဖြစ်သူ ဦးမျိုးမင်းထွဋ် (၄၉)နှစ်သည် ဇွန်လ ၈ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးမှ မော်တော်ဆိုင်ကယ်ဖြင့် ပြန်လာစဉ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းလမ်းဆုံအနီးသို့အရောက် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းတွင်လည်ပင်းကျည်ဖောက်ဝင်ဒဏ်ရာ ၃ ချက်၊ ဝဲဘက်ညှပ်ရိုးအောက် ကျည်ဖောက်ဝင်ဒဏ်ရာ ၁ ချက်တို့ဖြင့် သေဆုံးခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာမှ ၎င်းစီးနင်းလာသည့် Pxan Ton ဆိုင်ကယ် ၁ စီး၊ Luger ကျည်ခွံ ၃ ခု၊ SLB ကျည်ခွံ ၁ ခုတို့ကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ပါသည်။

People Defence Organization Mawlamyine အကြမ်းဖက်အဖွဲ့သည် အဆိုပါဝန်ထမ်းအား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းကို ၎င်းတို့ကိုယ်တိုင် လူမှုကွန်ရက်ပေါ်တွင် သတင်း

ထုတ်ပြန်ထားရှိကြောင်းနှင့် မွန်ပြည်နယ်အတွင်း NUG၊ CRPH၊ PDF အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူ အစိုးရဝန်ထမ်း ၃ ဦးနှင့် အရပ်သားပြည်သူ ၈၆ ဦး၊ ဒဏ်ရာရရှိသူ အစိုးရဝန်ထမ်း ၁၂ ဦးနှင့် အရပ်သား ပြည်သူ ၁၁၅ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့ မွန်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် WHO ဝန်ထမ်းတစ်ဦးအား အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၆-၂၀၂၂)**



အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံရသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်း မျိုးမင်းထွဋ်




People Defence Organization Mawlamyine အကြမ်းဖက်အဖွဲ့က မျိုးမင်းထွဋ်အား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းထုတ်ပြန်သည့်စာ

- **PDF အကြမ်းဖက်သမားများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့။**
- **မွန်ပြည်နယ်အတွင်း NUG၊ CRPH၊ PDF အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူ အစိုးရဝန်ထမ်း ၃ ဦး နှင့် အရပ်သားပြည် သူ ၈၆ ဦး၊ ဒဏ်ရာရရှိသူ အစိုးရဝန်ထမ်း ၁၂ ဦးနှင့် အရပ်သား ပြည်သူ ၁၁၅ ဦး ရှိပြီဖြစ်။**

## ကျိုက်ထိုမြို့နယ်၌ လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ ဇွန်လ ၉ ရက်၊ ည ၁၀ နာရီ ၂၅ မိနစ်အချိန်တွင် လူနာပို့ပြီးပြန်လာသည့် လူနာတင်ယာဉ် ၁ စီးအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါအမျိုးသား ၁ ဦးသေဆုံးကာ ၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ဖြစ်စဉ်တွင် စစ်တောင်းကျေးရွာနေ ကိုအောင်မျိုးသူ မောင်းနှင်ပြီး ကိုနေလင်းထွန်း၊ ကိုပြည့်ဖြိုးအောင်နှင့် ကိုကျော်ဇင်ဦး(ခ)ငပွားတို့ လိုက်ပါလာသည့် လူနာတင်ယာဉ်သည် ကျိုက်ထိုမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ လူနာသွားရောက်ပို့ဆောင်ပြီး စစ်တောင်းကျေးရွာသို့ ပြန်လည်ထွက်ခွာလာစဉ် အင်္ဂတိုကျေးရွာအနီးအရောက်တွင် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကိုပြည့်ဖြိုးအောင်နှင့် ကိုကျော်ဇင်ဦး (ခ)ငပွားတို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ကျိုက်ထိုမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ်




**အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့် မော်တော်ယာဉ်**



**အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့သည့် ကိုပြည့်ဖြိုးအောင်**

ကိုပြည့်ဖြိုးအောင်မှာ ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပါသည်။

အကြမ်းဖက်သမားများသည် ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ကုသရေးစင်တာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား အကြောင်းမဲ့နှောင့်ယှက်တိုက်ခိုက်လျက်ရှိသည်သာမက ပြည်သူလူထု၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှနေ၍ ကူညီစောင့်ရှောက်ပေးနေသည့် စေတနာ့ဝန်ထမ်းများကိုပါ တိုက်ခိုက်လျက်ရှိပါသည်။ ထို့ကြောင့် အကြမ်းဖက်သမားများ၏လုပ်ရပ်များအပေါ် အများပြည်သူများက ရွံရှာမုန်းတီးလျက်ရှိပြီး အဆိုပါအကြမ်းဖက်သမားများ၏ အဖွဲ့အစည်းများကို အမြန်ဆုံးအမြစ်ပြတ်စေလိုသည့်ဆန္ဒများ ဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ လူနာတင်ယာဉ်အား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၆-၂၀၂၂)**

- **ကျိုက်ထိုမြို့နယ်၌ လူနာပို့ပြီးပြန်လာသည့် လူနာတင်ယာဉ် ၁ စီးအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါအမျိုးသား ၁ ဦးသေဆုံးကာ ၁ ဦး ဒဏ်ရာရရှိခဲ့။**
- **လူနာတင်ယာဉ်အား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိ။**

## PDF အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ

NUG ၏ လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် ကလေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ပြည်သူများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာသည့်အပြင် ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိပါသည်။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ပညာရေးကဏ္ဍအားတိုက်ခိုက်လျက်ရှိရာ-


- ဇွန်လ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပုလဲကူကျေးရွာနေ အခြေခံပညာမူလတန်းကျောင်းမှ

ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးပေါက်အနီးသို့ PDF အကြမ်းဖက်သမားများက **“ကလေးသူငယ်များအား ပညာသင်ကြားမှုမပြုရန်နှင့် သင်ကြားမည်ဆိုပါက ဆရာမကြီးရဲ့အသက်ကို အာမခံမပေးနိုင်ပါ”** ဟူသောစာသားပါ စာတစ်စောင်ကို 9MM LUGER ကျည်တစ်တောင့်နှင့်အတူ ပေးပို့ခြိမ်းခြောက်ခဲ့။

- ဇွန်လ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (တည်သီးတော)၌ ဆရာ၊ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးနေစဉ် PDF အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drone ယာဉ်များ အသုံးပြု၍ လက်လုပ်ဗုံးသီးများဖြင့် လေကြောင်းမှ ဗုံးခွဲ တိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျောင်းအနီး လုံခြုံရေးဆောင် ရွက်နေသည့် တပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် လိုက်လံပစ်ချခဲ့ရာ DJI-1313 အမျိုးအစား Drone ၁ စီး အား သိမ်းဆည်းရမိခဲ့ပြီး ဗုံးခွဲမှုကြောင့် ကျောင်းဝန်း အတွင်းရှိ စာသင်ကျောင်းဆောင်များပေါ်သို့ ဗုံးသီး ၃ လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်အမိုးများ ပေါက်ပြဲပျက်စီးခဲ့။
- ဇွန်လ ၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပိတပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာဖြစ်သည့် ဦးချိန်မင်း (၃၀)နှစ်သည် ၎င်း၏ နေအိမ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အကြမ်းဖက်သမားနှစ်ဦးက နေအိမ်ပေါ်သို့ တက်လာကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့။
- ဇွန်လ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အလယ်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ လမ်းပေါ်မှနေ၍ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသား ၂ ဦးက လက်လုပ်အသံဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ကျောင်းဝင်းအတွင်းရှိ သုခဝတီဆောင်နှင့် အုတ်တံတိုင်းကြားသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အဦ ထိခိုက်မှုမရှိ။
- ဇွန်လ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ၁၀ တန်းကျောင်းဆောင်ရှေ့ရှိ စာသင်ခုံပေါ်၌ ဆန့်ကျင်ခြိမ်းခြောက်စာများပါရှိသည့် စာရွက် ၁ ရွက်အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စမ်းလှမ်းကျေးရွာနေ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသက်လွင်ဦးထံသို့ ကျည်ဆန် ၁ တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာ ၁ စောင်အားလည်းကောင်း ပေးပို့ခဲ့။
- ဇွန်လ ၉ ရက်တွင် ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းအနီး၌လည်းကောင်း၊ ဇွန်လ ၁၀ ရက် တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကနင်ကမော့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဝင်ပေါက်အနီး၌လည်းကောင်း၊ ဘဲလမုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်ပေါက်အနီး၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကျွန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဝင်ပေါက်အနီး၌လည်းကောင်း၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက **“ကလေးသူငယ်များ ပညာသင်ကြားပေးနေမှုများအား ရပ်တန့်ရန်၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများ CDM ပြု လုပ်ရန်နှင့် CDM မပြုလုပ်ပါက ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း”** အကြမ်းဖက်အဖွဲ့များ၏ အမည်များဖြင့် ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာများအား ကျည်ဆန်များနှင့်အတူ လာရောက်ထားရှိ။
- ဇွန်လ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းအား PDF အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်ပေါက်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိ။

ယခုကဲ့သို့ စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းတွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၂-၆-၂၀၂၂)**



ဆရာမကြီးအနေနဲ့ စစ်ကောင်စီရဲ့

နေမယ်ဆိုရင် ဆရာမကြီးရဲ့ အသက်ကို

အာမခံ မပေးနိုင်ပါ။

ပထမအကြိမ်နဲ့ နောက်ဆုံး သတိပေးချက်

ဖြစ်ပါတယ်။

ရေဖြူမြို့နယ်၊ ပုလဲကူကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံသို့ PDF အကြမ်းဖက်သမားများ ကျည်ဆံတစ်တောင့်နှင့်အတူ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာမှတ်တမ်းဓာတ်ပုံ



ပုလောမြို့နယ်၌ မူလတန်းကလေးများအား စာသင်ကြားပေးနေစဉ် PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ သေဆုံးခဲ့ရသည့် ဦးချိန်မင်း(မူလတန်းပြ)

- **NUG အကြမ်းဖက်အဖွဲ့၏ လက်အောက်ခံ PDF အကြမ်းဖက်သမားများက ကျောင်းဆရာတစ်ဦးအား အကြောင်းမဲ့ သတ်ဖြတ်၍ အခြေခံပညာကျောင်းများအား လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ပစ်ခတ်ဖောက်ခွဲခဲ့သည့်အပြင် ကျောင်းများသို့ ခြိမ်းခြောက်စာများပေးပို့ခဲ့။**
- **ရွှေဘိုမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(တည်သီးတော)အား PDF အကြမ်းဖက်သမားများက Drone ယာဉ်များအသုံးပြု၍ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကျောင်းဝန်းအတွင်းရှိ စာသင်ကျောင်းဆောင်များပေါ်သို့ ဗုံးသီး ၃ လုံး ကျရောက် ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်အမိုးများ ပေါက်ပြဲပျက်စီးခဲ့။**
- **စစ်ရေးနှင့်မသက်ဆိုင်သော စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းတွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်။**






ရွှေဘိုမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော)၌ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားနေစဉ် PDF အကြမ်းဖက်သမားများက Drone ယာဉ်များ အသုံးပြု၍ လက်လုပ်ဗုံးသီးများဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ကျောင်းဆောင်အမိုးပေါက်ပြဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ






ရွှေဘိုမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော)၌ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားနေစဉ် PDF အကြမ်းဖက်သမားများက Drone ယာဉ်များ အသုံးပြု၍ လက်လုပ်ဗုံးသီးများဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် Drone ယာဉ်နှင့် ဗုံးဆန်ထိမှန်ခဲ့သည့် ကျောင်းဆောင်များ၏ မှတ်တမ်းဓာတ်ပုံ





တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ အလက(စမ်းလှမ်း)၌ ကျည်ဆန် ၁ တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာ ၁ စောင် ပို့ဆောင်ခြိမ်းခြောက်မှု



**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ တွေ့ရှိရသည့် ဆန့်ကျင်ခြိမ်းခြောက်စာသားများရေးသားထားသည့် စာရွက်**




**မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကျွန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အကြမ်းဖက်သမားများက ကျည်တစ်တောင့်နှင့် ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာ၏ မှတ်တမ်းဓာတ်ပုံ**

# ရေစကြိုမြို့နယ်၊ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခကောက်ခံသည့် Toll Gate အား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီး၊ ငွေများအား လုယက်ယူဆောင်



**ရေစကြိုမြို့နယ်၊ ကျောက်လှေခါးကျေးရွာအနီးရှိ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခကောက်ခံသည့် Toll Gate အား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

ဇွန်လ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်လှေခါးကျေးရွာအနီး ပခုက္ကူ-ရေစကြိုကားလမ်းလမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ ဝန်ထမ်းအမျိုးသား ၅ ဦး၊ အမျိုးသမီး ၅ ဦးဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်နေစဉ် လက်နက်ငယ်များကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား ၂၀ ဦးခန့်က မော်တော်ဆိုင်ကယ် ၁၀ စီး၊ မော်တော်ယာဉ် ၁ စီးတို့ဖြင့် ရောက်ရှိလာပြီး ဝန်ထမ်းများကိုင်ဆောင်သည့် လက်ကိုင်ဖုန်းများအား သိမ်းဆည်း၍ ဝန်ထမ်းများအား လမ်းဘေး၌ မှောက်ခိုင်းထားပြီး ဂိတ်အနီးရှိ ဝန်ထမ်းနားနေဆောင်များအား မီးရှို့ဖျက်ဆီး၍ မှန်များအား ရိုက်ခွဲဖျက်ဆီးကာ လမ်းအသုံးပြုခကောက်ခံရရှိငွေ ကျပ်သိန်း ၅၀ ကို ခြိမ်းခြောက်ယူဆောင်သွားကြောင်းနှင့် ဂိတ်အတွင်းကားလမ်းပေါ်ရှိ Toll Gate ကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးရန်အပြင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရေးအတွက် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူသွားလာနေသော လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ခရီးသည်တင်ယာဉ်လိုင်းများအား မိုင်းခွဲတိုက်ခိုက်ခြင်းများအပြင် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့စေရန် ဆောင်ရွက်ပေးနေသည့် လမ်းအသုံးပြုခကောက်ခံရေးဂိတ်များရှိ ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယက်ခြင်းနှင့် အဆောက်အဦများကို ဖျက်ဆီးခဲ့ခြင်း စသည့်အောက်တန်းကျသော လုပ်ရပ်များကိုပါ ယုတ်မာရက်စက်စွာ လုပ်ဆောင်လျက်ရှိသဖြင့် ပြည်သူများက ၎င်းတို့အပေါ် လွန်စွာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်း သိရှိရပါသည်။

ဒေသခံလုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုယက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၆-၂၀၂၂)**

- **PDF အကြမ်းဖက်သမား ၂၀ ဦးခန့်သည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ လုပ်ငန်းတာဝန်များဆောင်ရွက်နေသည့် ဝန်ထမ်းများအား ခြိမ်းခြောက်၍ ဂိတ်အနီးရှိ ဝန်ထမ်းနားနေဆောင်များ၏ မှန်များကိုရိုက်ခွဲ၍ မီးရှို့ဖျက်ဆီးပြီး လမ်းအသုံးပြုခကောက်ခံရရှိငွေ ကျပ်သိန်း ၅၀ ကို ခြိမ်းခြောက်ယူဆောင်သွားသည့်အပြင် ဂိတ်အတွင်း ကားလမ်းပေါ်၌လည်း မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့။**

- **PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေရန် ဆောင်ရွက်ပေးနေသည့် လမ်းအသုံးပြုခကောက်ခံရေးဂိတ်များရှိ ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယက်ခြင်းနှင့် အဆောက်အဦများကို ဖျက်ဆီးခဲ့ခြင်း စသည့်အောက်တန်းကျသော လုပ်ရပ်များကိုပါ ယုတ်မာရက်စက်စွာ လုပ်ဆောင်လျက်ရှိသဖြင့် ပြည်သူများက ၎င်းတို့အပေါ် လွန်စွာစက်ဆုပ်မုန်းတီးလျက်ရှိ။**

## တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်ရှိ ဈေးဆိုင်ခန်းများအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး



**စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်ရှိ ဈေးဆိုင်ခန်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

PDF အကြမ်းဖက်သမား ၄ ဦးခန့်က ဇွန်လ ၁၀ ရက်၊ ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်၊ ရွှေကတော့ဘုရားဝင်းအပြင်ဘက်ရှိ ဈေးဆိုင်ခန်းများကို မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၃၁ ခန်း(တန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်) ပျက်စီးဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် ၂ စီး၊ ရေသယ်ယာဉ် ၃ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပါသည်။

အဆိုပါ ဈေးဆိုင်ခန်းများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၆-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများသည် ဇွန်လ ၁၀ ရက်တွင် တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်၊ ရွှေကတော့ဘုရားဝင်းအပြင်ဘက်ရှိ ဈေးဆိုင်ခန်းများကို မီးရှို့ခဲ့သဖြင့် မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၃၁ ခန်း (တန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်) ပျက်စီးဆုံးရှုံးခဲ့။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ) ဂျင်မီအား ပြစ်ဒဏ်ချမှတ်






**သေဒဏ်ချမှတ်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ)ဂျင်မီနှင့် ၎င်းနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများ**

အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အကြမ်းဖက် CRPH/NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေး ကျော်မင်းယု(ခ)ဂျင်မီအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ပင်လုံအိမ်ရာဝန်းအတွင်းရှိနေအိမ်၌ တရားခံဂျင်မီနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် လက်နက်ခဲယမ်းများနှင့်အတူ ဆက်စပ်ပစ္စည်းတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

တရားခံဂျင်မီသည် ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၁ ခုနှစ်၊ ဧပြီလအတွင်း Moon Light Operation အဖွဲ့အား စောသက်ထွန်း(ခ)နေခြူး (Sky Age Education)၊ ကိုကိုကြီး(စမ်းချောင်း)၊ သူရကျော်(ခ)နီကိုလပ်စ်၊ သန်းအောင်၊ ရဲဇာနည် (ခ)အူနီ (နွေဦး ကံ့ကော်အဖွဲ့)၊ ကျော်ကျော်မိုး(ခ)ဇော်ဝမ်းမောင်(ဖမ်းမိ)တို့နှင့်အတူ စတင်ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

- တရားခံဂျင်မီ စီမံညွှန်ကြားလျက်ရှိသည့် Moon Light Operation အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ အခြားပါတီဝင်များနှင့် ၎င်းတို့ပါတီအား ထောက်ခံမှုမရှိသူများကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အဦများ၊ ပုဂ္ဂလိကဘဏ်များစသည့် အရပ်ဘက်ပစ်မှတ်များနှင့် အပြစ်မဲ့ပြည်သူများကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း။
- Moon Light Operation အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်နိုင်ရေးအတွက် တရားခံပြေး လွင်ကိုလတ်မှ လက်နက်ခဲယမ်းများနဲ့ ဖောက်ခွဲပစ္စည်းများအား တရားခံဂျင်မီထံ ပေးအပ်ခဲ့ကြောင်း။
- ထို့အပြင် Moon Light Operation အဖွဲ့သည် မောင်ကျော်(ခ) ဖြိုးဇေယျာသော် ဦးဆောင်သည့် ရန်ကုန်မြို့ပြပြောက်ကျားအဖွဲ့ (Yangon Urban Guerrilla–YUG)နှင့် ပူးပေါင်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း။
- ကြီးမားသော အကြမ်းဖက်လုပ်ငန်း Mission ၈ ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး တရားခံဂျင်မီမှ အဆိုပါအကြမ်းဖက်လုပ်ငန်း ၈ ခုအား ညွှန်ကြားစေခိုင်းခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်တွင် တွံတေးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ရွှေဆံတော်)သို့ လက်လုပ်ဗုံး ၁ လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း။



**တွံတေးမြို့နယ်၊ ဘုရားငုတ်တိုစစ်ဆေးရေးဂိတ်အား ဖောက်ခွဲဖျက်ဆီးရန် လာရောက်စဉ် ဖမ်းဆီးရမိသည့် တရားခံ ဘိုဘိုနှင့် ရန်ပိုင်ဟိန်း**

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင် Moon Light Operation မှ အကြမ်းဖက်အဖွဲ့ဝင် ၂ ဦးဖြစ်သည့် ဘိုဘိုနှင့် ရန်ပိုင်ဟိန်းတို့သည် တွံတေးရဲစခန်း၊ အမှတ်(၇၀) ခြေလျင်တပ်ရင်းနှင့် ဘုရားငုတ်တိုစစ်ဆေးရေးဂိတ်တို့အား ဖောက်ခွဲဖျက်ဆီးရန် လာရောက်စဉ် လုံခြုံရေးအဖွဲ့များမှ ဖောက်ခွဲဖျက်ဆီးမည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။
- အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်နေစဉ် ဖမ်းဆီးခံခဲ့ရကြောင်း။
- တရားခံဂျင်မီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နွေဦးကဲ့ကော်အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် (၅၅)သိန်းအား ထောက်ပံ့ပေးခဲ့ခြင်း။
- မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အင်အားစု (Union Of Myanmar Civil Defence –UMCD) အဖွဲ့နှင့် ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ သိန်းတစ်ထောင်ခန့် တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သည့် 3D Printer အား ဝယ်ယူရန်အတွက် NUG ထံသို့ ဆက်သွယ်တောင်းခံခဲ့ခြင်း။
- အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာများအား ဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးခြင်းများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း။
- အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/NUCC အဖွဲ့ဝင်များ ဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြိုးဖြိုးသင်း၊ မင်းကိုနိုင်၊ ဂျင်မီတို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရှိပါသည်။

တရားခံဂျင်မီသည် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများအား နေအိမ်တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာများအား ဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ရာတွင် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ) နှင့် ၅၀(ည) တို့အရ “သေဒဏ်” အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၆-၂၀၂၂)**




တွံတေးမြို့၊ ရွှေဆံတော်ရပ်ကွက်ရှိ အမက(မူလွန်)
ကျောင်းခြံစည်းရိုးအနီးတွင် ပေါက်ကွဲခဲ့သည့်
လက်လုပ်ဗုံးတစ်လုံး၏ မှတ်တမ်းဓာတ်ပုံ



အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌
ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့်
တပ်မတော်သားတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာဝန်းအတွင်းရှိ နေအိမ်၌ တရားခံဂျင်မီနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းတို့အား ဖမ်းဆီးရမိခဲ့။
- တရားခံဂျင်မီ စီမံညွှန်ကြားလျက်ရှိသည့် Moon Light Operation အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ အခြားပါတီဝင်များနှင့် ၎င်းတို့ပါတီအား ထောက်ခံမှုမရှိသူများကို ဒလန်အဖြစ်စွပ်စွဲသတ်ဖြတ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အဦများ၊ ပုဂ္ဂလိကဘဏ်များစသည့် အပြစ်မဲ့ပြည်သူများနှင့် အရပ်ဘက်ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း။
- ကြီးမားသောအကြမ်းဖက်လုပ်ငန်း Mission ၈ ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး တရားခံဂျင်မီမှ အဆိုပါအကြမ်းဖက်လုပ်ငန်း ၈ ခုအား ညွှန်ကြားစေခိုင်းခဲ့ကြောင်း။
- အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ဆောင်နိုင်ရန်လိုအပ်သည့် ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/NUCC အဖွဲ့ဝင်များ ဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြူဖြူသင်း၊ မင်းကိုနိုင်၊ ဂျင်မီတို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့။
- တရားခံဂျင်မီသည် အကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများအား နေအိမ်တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာများအား ဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် ၎င်းအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည) တို့အရ “သေဒဏ်”အမိန့်ချမှတ်ခဲ့။

## ဂျင်မီ ဦးဆောင်သော Moon Light Operation အကြမ်းဖက်အုပ်စု ဖွဲ့စည်းမှု အခြေပြဇယား




## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် အကြမ်းဖက် NUG အဖွဲ့ဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ပြစ်ဒဏ်ချမှတ်



**သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခြံအမှတ်(၆၇)နှင့် (၈)မြောက်ရပ်ကွက်၊ ပြည်သာယာလမ်းသွယ်(၂)၊ အမှတ်(၁၄၂)ရှိ မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုပ်ကြံသတ်ဖြတ်မှုများအား လက်မခံသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက် NUG အဖွဲ့ဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်



**ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်အမှတ်(3/B)၊ အခန်းအမှတ်(B-0907)၌ မောင်ကျော်(ခ) ဖြိုးဇေယျာသော်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ**

အား ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်များအရ သဃ်န်းကျွန်းမြို့နယ်ရှိ ၎င်း၏နေအိမ်များတွင် စုစုပေါင်းသေနတ် ၁၇၈ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

တရားခံဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ-

- အကြမ်းဖက် NUG အဖွဲ့ဝင် ရည်မွန်နှင့် လွင်ကိုလတ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ငယ်မျိုးစုံ ၃၅၃ လက်၊ ကျည်အိမ်မျိုးစုံ ၄၇၆ ခု၊ ခဲယမ်းမျိုးစုံနှင့် ဖောက်ခွဲရေးပစ္စည်းမျိုးစုံတို့အား ပို့ဆောင်ပေးခဲ့ကြောင်း။
- ၎င်းသည် အကြမ်းဖက်အဖွဲ့ (၂၀) ဖွဲ့ကို NUG အဖွဲ့ထံမှရရှိခဲ့သော လက်နက်/ ခဲယမ်းများ ထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။
- နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် တာဝန်ထမ်းဆောင်နေသော မြို့နယ်/ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် အခြားဆန့်ကျင်ဘက်ပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် အစိုးရအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးမှု (၃၀) ကြိမ်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများအား ဖောက်ခွဲဖျက်ဆီးမှု (၃၂) ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးဝန်းကျင်ဖောက်ခွဲဖျက်ဆီးမှု(၉)ကြိမ်၊ ကညနရုံးနှင့် အနီးဝန်းကျင် ဖောက်ခွဲဖျက်ဆီးမှု(၉)ကြိမ်၊ ယာဉ်ထိန်းရုံးများအား ဖောက်ခွဲဖျက်ဆီးမှု (၁၂) ကြိမ်၊ CCTV Control Box များအား ဖောက်ခွဲဖျက်ဆီးမှု (၅) ကြိမ်၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးမှု (၆၀) ကြိမ်၊ ဘာသာရေးဆိုင်ရာအဆောက်အဦအနီး ဖောက်ခွဲဖျက်ဆီးမှု (၂) ကြိမ်၊ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှု (၃) ကြိမ်တို့အား ဆောင်ရွက်ခဲ့ကြောင်း။

တရားခံဖြိုးဇေယျာသော်သည် ရန်ကုန်မြို့တွင် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့ (၂၀) ဖွဲ့အား ဦးဆောင်ကြိုးကိုင်စီစဉ်ပြီး အဆိုပါအကြမ်းဖက်အဖွဲ့များသို့ လက်နက်/ခဲယမ်းများ ထုတ်ပေး၍ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု (၂၈) ကြိမ်ကျူးလွန်ခဲ့ကြောင်း-

- ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် HRD အကြမ်းဖက်အဖွဲ့မှ လှိုင်သာယာမြို့နယ်၊ (၁၆) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- STF အကြမ်းဖက်အဖွဲ့၏ ဧပြီလမှ အောက်တိုဘာလထိ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ၃ ဦးသေဆုံးခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးကျဆုံးခဲ့ပြီး ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ရွှေဆိုင်အား ဓားပြတိုက်ခဲ့ကြောင်း၊ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်ရန်စေခိုင်းခဲ့ကြောင်းနှင့် လုံခြုံရေးရဲကင်းအား ပစ်ခတ်ရန်စေခိုင်းခဲ့ကြောင်း။
- ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အလိုက် ပကဖ အကြမ်းဖက်အဖွဲ့များ၏ ဧပြီလမှ အောက်တိုဘာလထိ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ၈ ဦး

အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး အပြစ်မဲ့ပြည်သူ ၂ ဦးဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးခဲ့ကြောင်း။

- RF အကြမ်းဖက်အဖွဲ့၏ ဧပြီလမှ အောက်တိုဘာလထိ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ၁ ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့ပြီး ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- YG Network အကြမ်းဖက်အဖွဲ့မှ ရွှေပြည်သာမြို့နယ်၊ (၆) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၂ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း။
- UMCD အကြမ်းဖက်အဖွဲ့မှ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးခဲ့ကြောင်း။
- YFA အကြမ်းဖက်အဖွဲ့မှ မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၎င်း၏ထွက်ဆိုချက်အရ အကြမ်းဖက် CRPH နှင့် NUG အဖွဲ့ဝင် ဖြူဖြူသင်း၊ နိုင်ထူးအောင်၊ ဝင်းမြတ်အေးနှင့် လွင်ကိုလတ်တို့မှ နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးများကောက်ခံ၍ အကြမ်းဖက်မှုများပြုလုပ်ရန်အတွက် ၎င်းထံသို့ တရားမဝင်နည်းလမ်းများဖြင့် ငွေကြေးပို့ဆောင်ပေးခဲ့ကြောင်း။
- အဆိုပါရရှိငွေများအား လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များဝယ်ယူခြင်း၊ အကြမ်းဖက်အဖွဲ့များ ပုန်းခိုနေထိုင်နိုင်ရေးအတွက် နေရာများငှားရမ်းခြင်း၊ အပြစ်မဲ့ပြည်သူလူထုများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုအပေါ် မူတည်၍ အကြမ်းဖက်သမားများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အချို့အား ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

တရားခံ ဖြိုးဇေယျာသော်သည် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများအား နေအိမ်တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ရန်ကုန်မြို့တွင်းရှိ အကြမ်းဖက်အဖွဲ့ (၂၀)ဖွဲ့အား ဦးဆောင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ ဌာနဆိုင်ရာရုံးများနှင့် နယ်မြေခံတပ်များအား တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် စီစဉ်ညွှန်ကြားခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀ (ဈ)နှင့် ၅၀(ည)တို့အရ "သေဒဏ်" အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၆-၂၀၂၂)**

- **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက် NUG အဖွဲ့ဝင် ဖြိုးဇေယျာသော်အား ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်များအရ သဃ်ာန်းကျွန်းမြို့နယ်ရှိ ၎င်း၏နေအိမ်များတွင် စုစုပေါင်းသေနတ် ၁၇၈ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့။**
- **အကြမ်းဖက် NUG အဖွဲ့ဝင် ရည်မွန်နှင့် လွင်ကိုလတ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ငယ်မျိုးစုံ ၃၅၃ လက်၊ ကျည်အိမ်မျိုးစုံ ၄၇၆ ခု၊ ခဲယမ်းမျိုးစုံနှင့် ဖောက်ခွဲရေးပစ္စည်းမျိုးစုံတို့အား ပို့ဆောင်ပေးခဲ့ကြောင်း။**
- **၎င်းသည် အကြမ်းဖက်အဖွဲ့ (၂၀) ဖွဲ့ကို NUG အဖွဲ့ထံမှ ရရှိခဲ့သော လက်နက်/ ခဲယမ်းများထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။**
- **၎င်း၏စေခိုင်းမှုဖြင့် အကြမ်းဖက်အဖွဲ့များမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် (၉)ဦး၊ အပြစ်မဲ့ပြည်သူ (၁၄)ဦး၊ စုစုပေါင်း (၂၃) ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် (၅) ဦး၊ အပြစ်မဲ့ပြည်သူ (၇)ဦး စုစုပေါင်း (၁၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။**

## တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်က ဦးဆောင်ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြို့မရဲစခန်းအတွင်းသို့ လက်လုပ်မိုင်း ၁ လုံး ပစ်ပေါက်ခံခဲ့ရသဖြင့် အပြစ်မဲ့ပြည်သူ ၁ ဦး ဒဏ်ရာရရှိမှု



လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၌ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင် လုပ်ကြံသတ်ဖြတ်ခံရမှု



စမ်းချောင်းမြို့နယ်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး ပစ်ခတ်ခံရမှု



သာကေတမြို့နယ်၊ မာန်ပြေရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

- တရားခံဖြိုးဇေယျာသော်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၉(က)၊ ၅၀ (ဈ)နှင့် ၅၀(ည)တို့အရ “သေဒဏ်” အမိန့်ချမှတ်ခဲ့။

# တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ



တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်

- STF အမည်ခံအကြမ်းဖက်အဖွဲ့
- SOF အမည်ခံအကြမ်းဖက်အဖွဲ့
- HRD အမည်ခံအကြမ်းဖက်အဖွဲ့
- YG Network အမည်ခံအကြမ်းဖက်အဖွဲ့
- UMCD အမည်ခံအကြမ်းဖက်အဖွဲ့
- RF အမည်ခံအကြမ်းဖက် အဖွဲ့
- UG အမည်ခံအကြမ်းဖက်အဖွဲ့
- 44-ST UG အမည်ခံအကြမ်းဖက်အဖွဲ့
- YFA အမည်ခံအကြမ်းဖက်အဖွဲ့
- တာမွေမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့

- သာကေတမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- တောင်ဥက္ကလာပမြို့နယ် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့
- ဒဂုံပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့
- လှိုင်သာယာမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- လှိုင်မြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- ကော့မှူးမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့
- ဒေါပုံမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့
- မင်္ဂလာဒုံမြို့နယ် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့



ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးရှေ့တွင် လက်လုပ်ဗုံး(၁)လုံး ပေါက်ကွဲခဲ့ရာ အပြစ်မဲ့ပြည်သူ ၂ ဦး ဒဏ်ရာရရှိမှု



လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု

## တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်က ဦးဆောင်ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ



မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၌
အပြစ်မဲ့ပြည်သူ ၁ ဦး ပစ်ခတ်ခံရမှု



ဒေါပုံမြို့နယ်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌
အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု



သာကေတမြို့နယ်၊ ၃ မာန်ပြေရပ်ကွက်တွင်
လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု



ဗိုလ်တထောင်မြို့နယ်၊ ရဲရိပ်သာရပ်ကွက်၌
အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု



လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၌
အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု



တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်းရှိ
မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၁ ဦး
ပစ်ခတ်ခံရမှု

## တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်က ဦးဆောင်ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ




မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်(၂)ရပ်ကွက်ရှိ
“လှသီတာ”ရွှေဆိုင်အား ဓားပြတိုက်ခံရမှု



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅) ရပ်ကွက်၊
မြိုင်မဟာလက်ဘက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ၁ ဦး
ပစ်ခတ်ခံရမှု



ရန်ကုန်မြို့ပတ်ရထား၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ
ပစ်ခတ်ခံရမှု



လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၌
အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု



တောင်ဒဂုံမြို့နယ်၊ (၅၇)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေး
အဖွဲ့ရုံး၌ အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု



မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင်
သတ်ဖြတ်ခံရမှု

# လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီး ၁ ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် တရားခံများအား ပြစ်ဒဏ်ချမှတ်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး ခေါင်းဆောင်အင်အား ၂၀ ဦးခန့်သည် တုတ်၊ ဓါးများကိုင်ဆောင်၍ လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်၌ အိမ်ငှားနေထိုင်သူ အမျိုးသမီး ၁ ဦး၏ နေအိမ်သို့ ရောက်ရှိလာပြီး ညဘက်သံပုံးမတီးသဖြင့် သူလျှို၊ ဒလန်ဟုစွပ်စွဲကာ စစ်ဆေးမည်ဟုပြောဆို၍ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားသည့် တရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးကို ဖမ်းဆီးရမိခဲ့သည့် သတင်းအား ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်နှင့် ၂၂ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိတရားခံ လှမျိုးအောင် (ခ) ကိုမျိုး(ခ)ဝက်ကြီး၏ ထွက်ဆိုချက်များအရ-

- ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက် ည ၉ နာရီခန့်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ) ဝက်ကြီး ခေါင်းဆောင်ပြီး မြင့်မြင့်အေး၊ တင်ထွန်းအောင်(ခ)မိုးလျှံ၊ သန့်ဇော်ဦးနှင့် မင်းမင်း(ခ)အောင်မင်းဦး အပါအဝင် လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်သူ ၂၀ ဦးခန့်သည် အဆိုပါရပ်ကွက်အတွင်း နေထိုင်သည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၁ ဦးနှင့် အိမ်အကူအမျိုးသမီး ၁ ဦးတို့အား သံပုံးမတီးခြင်းကို အကြောင်းပြကာ သူလျှို၊ ဒလန်ဟု စွပ်စွဲပြီး လက်ပြန်ကြိုးတုတ်နှောင်ကာ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း။
- မတ်လ ၁၅ ရက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော် (ခ)ကတုံး(ခ)သူရတို့သည် အိမ်အကူအမျိုးသမီးအား နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူအမျိုးသမီးအား တွံတေးမြို့နယ်၊ ဖျာကရိုးကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့်ခေါ်ဆောင်၍ လူသွားလူလာနည်းပါးသည့်နေရာတွင် အသင့်ယူဆောင်လာသော အရိုးအသွား ၉ လက်မခန့်ရှိ နှစ်ဖက်သွားဓါးဖြင့် ၅ ချက်ထိုးခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူအမျိုးသမီးမှာ ဒဏ်ရာဖြင့် ရုန်းကန်နေစဉ် အောင်သူရဇော်(ခ)ကတုံး(ခ)သူရမှ ၎င်းအမျိုးသမီး ဝတ်ဆင်ထားသည့် လေ့ကတ်သီးပါ ရွှေဆွဲကြိုး ၁ ကုံး၊ ရွှေလက်စွပ် ၁ ကွင်းတို့အား ဖြုတ်ယူပြီး ကားအောက်သို့ဆွဲချကာ ဓါးဖြင့် ၂ ချက် ထပ်မံထိုး၍ ရက်စက်စွာ မသေမချင်း သတ်ဖြတ်ခဲ့ကြောင်း၊ ၎င်းနောက် အပြစ်မဲ့ပြည်သူအမျိုးသမီး၏ အလောင်းအား ချုံပုတ်အတွင်း၌ ပစ်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ အပြစ်မဲ့ပြည်သူ အမျိုးသမီး ၁ ဦးအား သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ အကြိမ်ကြိမ်ညှဉ်းပန်းနှိပ်စက်ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး၊ အောင်သူရဇော်(ခ)ကတုံး(ခ)သူရ၊ တင်ထွန်းအောင် (ခ)မိုးလျှံနှင့် မြင့်မြင့်အေးတို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၆-၂၀၂၂)**

- **လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီး ၁ ဦးကို သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ အကြိမ်ကြိမ် ညှဉ်းပန်းနှိပ်စက်ကာ ရက်စက်စွာ မသေမချင်း သတ်ဖြတ်ခဲ့သည့် တရားခံ ၄ ဦးအား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်။**

# သေဒဏ်ချမှတ်ခံရသည့် တရားခံများ



လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး



အောင်သူရဇော်(ခ)ကတုံး(ခ)သူရ



တင်ထွန်းအောင်(ခ)မိုးလျှံ



မြင့်မြင့်အေး





ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူအမျိုးသမီး